AUSCO

ဩစတြေးလျားနိုင်ငံ ယဉ်ကျေးမှုနှင့် အကျွမ်းဝင်ရေးဆိုင်ရာ အစီအစဉ် သင်တန်း

# အခြေကျခြင်း



သင်၏ ဩစတြေးလျားဘဝအသစ်တွင် အခြေကျရန် အမြန်ဆုံးနည်းမှာ၊

- အင်္ဂလိပ်စာသင်ယူရန်



- အလုပ်ရှာရန် နှင့်



- လေ့ကျင့်ရေးသင်တန်းတက်ရန်တို့ဖြစ်သည်



နိုင်ငံသစ်တစ်ခုကို ပြောင်းရွှေ့ရာတွင် စိတ်ပင်ပန်းစေနိုင်သည်။



သင်စိတ်သောက ရောက်နိုင်ဖွယ်ရှိနိုင်ရာများမှာ၊

- အိမ်ရာ နှင့် သင်ဘယ်မှာနေရမည့်ကိစ္စ



- အလုပ်ရရေးကိစ္စ နှင့်



- သင် အင်္ဂလိပ်ဘာသာစကားကို မည်မျှ ကောင်းမွန်စွာပြောဆိုနိုင်သောကိစ္စတို့ဖြစ်သည်



သင် အခြေချခိုက် သင့်အား ကူညီပံ့ပိုးရန်အတွက် ဩစတြေးလျားအစိုးရထံ၌ သင်အသုံးပြုနိုင်သော ဝန်ဆောင်မှုမျိုးစုံရှိသည်။

လူမှုဝန်ဆောင်ရေးများဌာန (Department of Social Services - DSS)က လူလူချင်းစာနာထောက်ထား၍ အခြေချထားပေးရေး အစီအမံ (Humanitarian Settlement Program - HSP)ကို စီမံအုပ်ချုပ်ပေးသည်။



ယင်းစီမံချက်က လူများလိုအပ်ကြသော အထောက်အပံ့ကို ဆောင်ကျဉ်းပေးပါသည်။



သင်ရရှိလိမ့်မည့် အထောက်အပံ့က မူတည်လိမ့်မည်တို့မှာ၊

- သင့်လိုအပ်ချက်များ နှင့်
- သင့်မိသားစု၏ လိုအပ်ချက်များတို့ဖြစ်သည်




စဦးပိုင်း၌ အကူအညီကို သင်၏

- အမှုတွဲလုပ်သား နှင့်



- သင့်အား အဆိုပြုသူ ထံမှရရှိနိုင်ပါသည်။




၎င်းတို့က လုပ်ပေးလိမ့်မည်တို့မှာ၊

- သင့်အား လေဆိပ်၌ လာရောက်ကြိုဆိုခြင်း



- သင်နေထိုင်မည့်နေရာသို့ သင့်အားခေါ်ဆောင်သွားခြင်းတို့ဖြစ်သည်



သင် ဩစတြေးလျားသို့ ရောက်လာပြီးနောက် ပထမ ရက်သတ္တပါတ်အနည်းငယ်အတွင်း၌ အချို့ကိစ္စရပ်များကို သင်လုပ်ရန် လိုအပ်ပါလိမ့်မည်




အောက်ပါအဆင့်များက သင့်အားပြသမည်မှာ၊

- သင်ဘာလုပ်ရန်လိုအပ်သည်



- သင်ဘယ်တော့လုပ်ရန်လိုအပ်သည်တို့ဖြစ်သည်




သင့်အမှုတွဲလုပ်သားက အဆင့်တစ်ခုစီတွင် သင့်အားကူညီနိုင်ပါသည်။

## အပတ် 1 ၌




ဩစတြေးလျားလေဆိပ်သို့ ဆိုက်ရောက်လာပြီး သင့်အား လာရောက် တွေ့ဆုံမည်သူမှာ၊

- အမှုတွဲလုပ်သား



- သင့်အား အဆိုပြုသူ



သင်နေထိုင်ရမည့်နေရာသို့သွားမည်




ဘဏ်စာရင်းဖွင့်မည်။



သင့်ဘဏ်စာရင်းအား မည်ကဲ့သို့ အသုံးပြုရမည်ကို လေ့လာသင်ယူပြီး၊ မည်ကဲ့သို့

- ငွေထုတ်မည်




- ငွေသွင်းမည်ကို လေ့လာသင်ယူမည်




စင်တာလင့်ခ် (Centrelink) ၌ မှတ်ပုံတင် စာရင်းသွင်းမည်၊ သို့အားဖြင့် အစိုးရထံမှ သင် ထောက်ပံ့ကြေးငွေကို ရရှိနိုင်မည်။




မယ်ဒီကဲ (Medicare) ၌ မှတ်ပုံတင် စာရင်းသွင်းမည်၊ သို့အားဖြင့် သင် လိုအပ်သော ဆေးကုသ ပြုစုစောင့်ရှောက်မှုတစ်စုံတစ်ရာကို ရရှိနိုင်မည်။




သင်၏ အခွန်ဖိုင်နံပါတ် (Tax File Number - TFN) ကို ရယူမည်၊ သို့အားဖြင့် သင် အလုပ်ရှာနိုင်မည်။

## ပထမ ၂ ပတ်တွင်




သင့်ကလေးများကို ကျောင်းအပ်ပါ။



သင် နေထိုင်မည့်အရပ်ဒေသ၊ သင့်အိမ်နီးပတ်ဝန်းကျင် အကြောင်းကို လေ့လာပါ၊



သင် နှင့်အနီးဆုံး

- ဈေးဆိုင်တန်း




- ကုန်ပဒေသာတိုက်




- ဆေးရုံ



- စာကြည့်တိုက်



- အများပြည်သူဆိုင်ရာ ပို့ဆောင်ရေးစနစ် - ဘတ်စ်ကားများ၊ မီးရထားများ ဘယ်မှာရှိကြသည်ကို လေ့လာပါ




သင်နှင့် သင့်မိသားစုအား ဆေးကုသပေးနိုင်သော ဆရာဝန်တစ်ဦးအား သင်နေထိုင်ရာ အနီး ပတ်ဝန်းကျင်တွင် လေ့လာရှာဖွေပါ။

## ပထမ 6 လတွင်




သင့်ကျန်းမာရေးကိုစစ်ဆေးပါ။




အင်္ဂလိပ်စာသင်ယူနိုင်ရန် သက်ကြီး ပြောင်းရွှေ့အခြေချလာသူအတွက် အင်္ဂလိပ်စာ အစီအစဉ် (Adult Migrant English Program - AMEP)၌ စာရင်းသွင်းပါ။




သင်နေထိုင်နေသောနေရာသည် ခေတ္တခဏအတွက်သာဖြစ်က၊ နေထိုင်ရန်နေရာအသစ်တစ်ခုကို ရှာဖွေပါ။



စတင်ရှာဖွေရမည်တို့မှာ၊

- အလုပ်အကိုင် နှင့်



- လုပ်ငန်းကျွမ်းကျင်မှုအသစ်များကို လေ့လာသင်ယူရန်အတွက် လေ့ကျင့်သင်တန်း တို့ဖြစ်သည်

## ပြောင်းရွှေ့ခြင်း



ဩစတြေးလျား၌ နေထိုင်ကြသူတိုင်း ပြည်နယ် နှင့် ဒေသများအကြား ကူးသန်းသွားလာနိုင်ကြသည်။



သင်နေထိုင်သော မူလနေရာမှ ပြောင်းရွှေ့သွားလျှင် HSP အစီအစဉ်အရ သင်ရရှိ နေသော အထောက်အပံ့အချို့တို့ကို သင် လက်လွတ်ဆုံးရှုံး သွားနိုင်ဖွယ်ရှိမည်။




သင် မပြောင်းရွှေ့မီ၊ ကြိုတင်၍ အကြံဉာဏ်ယူရမည့်သူများမှာ

- အမှုတွဲလုပ်သား



- သင့်အား အဆိုပြုသူ



ဩစတြေးလျားသည် ကျယ်ပြောလှသည့် နိုင်ငံကြီးတစ်နိုင်ငံဖြစ်သည်။



ဩစတြေးလျားတစ်ဝန်း လူများသည် ဆက်သွယ်မှု နှင့် သယ်ယူပို့ဆောင်ရေး အချိတ်အဆက်များအရ တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်မပြတ် နေကြသည်။




ဩစတြေးလျားလူမျိုးများသည် မိတ်ဆွေများ နှင့် မိသားစုများထံ အလည်အပတ်သွားကြရန် ခရီးရှည်များ မကြာခဏထွက်ကြသည့်အခါများမှာ၊

- စနေ၊ တနင်္ဂနွေ သို့မဟုတ်
- အားလပ်ရက်များ ကာလအတောအတွင်းဖြစ်သည်



သင်နေထိုင်ရာအရပ်မှ ပြောင်းရွှေ့စရာမလိုပါ၊ သင့် မိတ်ဆွေများ နှင့် မိသားစုများအား တွေ့ဆုံရန်မှာ လွယ်ကူပါသည်။



သင်သည် ဘတ်စ်ကားများ သို့မဟုတ် ရထားများကဲ့သို့ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ်ကို အသုံးပြုလျက် သူတို့အား ခဏတာအတွက် သွားရောက်လည်ပတ်နိုင်ပါသည်။

# အရေးကြီးသော အမည်များ နှင့် ဆက်သွယ်ရမည့်သူများ

## အမှုတွဲလုပ်သား




အကယ်၍သင်၏ အဆင့်အတန်းနဲ့ ဗီဇာသည်
အောက်ပါအတိုင်းဖြစ်က၊ သင်အခြေကျရေးကို
အထောက်အကူပြုရန် သင့်အတွက်
အမှုတွဲလုပ်သားတစ်ဦး ခန့်အပ်ပေးမည်ဖြစ်ပါသည်

- 200
- 201
- 203
- 204



အမှုတွဲလုပ်သားများသည် HSP အစီအစဉ်၏
အစိတ်အပိုင်းတစ်ခုဖြစ်သော အဖွဲ့အစည်းများ၏
အမှုထမ်းများဖြစ်ပါသည်။



သင်၏အမှုတွဲလုပ်သားက သင့်အား

- လေဆိပ်၌လာကြိုပြီး



- သင်အခြေကျရေးကို ပံ့ပိုးပေးမည်ဖြစ်သည်



သူတို့သည် သင်နှင့် တစ်ချိန်လုံး ရှိနိုင်မည်မဟုတ်ပါ။




သင့်အတွက် ကိစ္စပေါင်းအမြောက်အမြားကို သင်ကိုယ်တိုင်လုပ်ရန်လိုအပ်ပါသည်။



အစိုးရအဖွဲ့အစည်း အမျိုးစုံတွင် လူအမြောက်အမြား အလုပ်လုပ်နေကြပါသည်။

၎င်းတို့၏အလုပ်မှာ သင့်အား ကူညီရန်ဖြစ်သည်။

## အဆိုပြုသူ



အကယ်၍သင်၏ အဆင့်အတန်းခွဲ ဗီဇာသည် 202 ဖြစ်လျှင်၊ သင့်အား အဆိုပြုသူက သင့်အခြေကျရေးကို ကူညီပေးလိမ့်မည်။



အဆိုပြုသူဆိုသည်မှာ အများအားဖြင့်

- မိသားစုဝင်တစ်ဦး
- မိတ်ဆွေ သို့မဟုတ်
- လူမှုအသိုင်းအဝိုင်း အဖွဲ့အစည်းဖြစ်သည်။



အမှုတွဲလုပ်သားက သင်နှင့် သင့်အဆိုပြုသူအား
တွေ့ဆုံရန် ရက်ချိန်းပေးကောင်းပေးပါလိမ့်မည်။



သင့်အနေနှင့် အပိုဆောင်း အထောက်အပံ့တစ်စုံတစ်ရာ
လိုမလိုကို သတ်မှတ်ဆုံးဖြတ်ပေးကြလိမ့်မည်။

## ပြည်မရောက် အကျွမ်းဝင်ရေးဆိုင်ရာ အစီအစဉ်



သင် စဦးရောက်လာသည့်အခါ၌
သင့်အားကူညီရန်အတွက် သင့်အနေနှင့်
သင်တန်းများကို တက်ရလိမ့်မည်။



၎င်းကို ပြည်မရောက် အကျွမ်းဝင်ရေးဆိုင်ရာ
အစီအစဉ်ဟုခေါ်သည်။



ပြည်မရောက် အကျွမ်းဝင်ရေးဆိုင်ရာ အစီအစဉ်သည်
သင် AUSCO သင်တန်းမှ တတ်မြောက်ခဲ့ခြင်းများအပေါ်
ထပ်မံချဲ့ထွင် ဖြည့်ဆည်းပေးလိမ့်မည်။



၎င်းကသင့်အား ဖြည့်ဆည်းပေးလိမ့်မည်တို့မှာ
သင်အသုံးပြုနိုင်သော၊

- အသိပညာ နှင့်
- ကျွမ်းကျင်မှုများဖြစ်သည်



၎င်းက သင် တတ်မြောက်ခဲ့သောအရာများအား သင့် လူမှုအသိုင်းအဝိုင်းအသစ်နှင့် မြို့တော်အသစ်တွင် လက်တွေ့ကျင့်ကြံနိုင်ရေးကို အထောက်အကူပြုလိမ့်မည်။



သင်သည် အတန်းများသို့ မတက်ရောက်ရဘဲ လေ့လာရေးခရီးများထွက်ကောင်းထွက်ရလိမ့်မည်။



ပြည်မရောက် အကျွမ်းဝင်ရေးဆိုင်ရာ အစီအစဉ်သည် အောက်ပါတို့အတွက် ကောင်းမွန်သောနည်းလမ်းတစ်ခု ဖြစ်သည်

- သင့်မေးခွန်းများအား  ဖြေကြားပေးနိုင်ခြင်း



- သင်နှင့် ဘဝတူ အခြားလူများထံမှ လေ့လာသင်ယူနိုင်ခြင်း



- ကိစ္စများကို မည်ကဲ့သို့ဆောင်ရွက်ရမည်ကို လေ့လာသင်ယူနိုင်ခြင်းတို့ဖြစ်သည်၊ ဥပမာအားဖြင့်
  - နေထိုင်ရန်နေရာတစ်ခုကို ရှာဖွေခြင်းဆိုပါဆို့။




  - ရငွေ၊ သုံးငွေ တွက်ချက်လျာထားခြင်းဆိုသည်မှာ သင့်ထံ၌ ငွေမည်မျှရှိပြီး ၎င်းကို သင်မည်ကဲ့သို့ သုံးစွဲမည်ကို တွက်ချက်ခြင်းဖြစ်သည်။



တစ်စုံတစ်ဦးက သင့်အား သင့်အရပ်ဒေသ၌ ဈေးအသက်သာဆုံးဖြစ်သောဆိုင်များသို့ ခေါ်သွားကောင်း ခေါ်သွားနိုင်မည်။



၎င်းတို့ကသင့်အား ရငွေ၊ သုံးငွေ တွက်ချက်လျာထားခြင်းအကြောင်းကို ကူညီသင်ကြားပေးလိမ့်မည်။



သင်သည် အောက်ပါသောပုဂ္ဂိုလ်များအား စကားပြောဆိုခြင်းအားဖြင့် ဩစတြေးလျား တရားဥပဒေအကြောင်း ပိုမိုလေ့လာသိရှိနိုင်ပေမည်

- ရဲ



- ရှေ့နေများတို့ဖြစ်သည်



သင်သည် အခြေချရေး ဝန်ဆောင်မှု အဖွဲ့အစည်းများနှင့်ပတ်သက်ပြီး နောက်ထပ်အချက်အလက်များကို (Department of Social Services - DSS) ၏ ဝက်ဘ်ဆိုက်၌ ရှာဖွေတွေ့နိုင်သည်။
www.dss.gov.au

## ဘာသာပြန် နှင့် စကားပြန် ဝန်ဆောင်မှုဌာန



အကယ်၍သင် စကားပြန်ကို လိုအပ်ပါက၊ တစ်ပြည်လုံးဆိုင်ရာ ဘာသာပြန် နှင့် စကားပြန် ဝန်ဆောင်မှု အဖွဲ့အစည်း (TIS National) ဘာသာပြန် နှင့် စကားပြန် ဝန်ဆောင်မှုဌာန ကို 13 14 50 ၌ဖုန်းဆက်ပါ။



သင်သည် TIS National နှင့်ပတ်သက်ပြီး နောက်ထပ်အချက်အလက်များကို ၎င်းတို့၏ ဝက်ဘ်ဆိုက်၌ ရှာဖွေတွေ့နိုင်သည်။
www.tisnational.gov.au/en/Non-English-speakers

## စင်တာလင့်ခ်



စင်တာလင့်ခ် ဆိုသည်မှာ အထောက်အပံ့လိုအပ်နေကြသူများအား ကူညီပေးသော အစိုးရက စီမံဆောင်ရွက်အုပ်ချုပ်သည့် ဝန်ဆောင်မှုအဖွဲ့အစည်းဖြစ်သည်။





သင် စင်တာလင့်ခ် ထံမှ ငွေရနိုင်ဖွယ်ရှိသည်။




စင်တာလင့်ခ် သည် 2 ပတ်တိုင်း တစ်ကြိမ် သင့်ဘဏ်စာရင်းထဲသို့ ငွေထည့်ပေးမည်ဖြစ်သည်။



သင် ရရှိသည့်ငွေ ပမာဏမှာ အခြားသူများ
ရရှိသည့်ပမာဏနှင့် ကွာခြားနိုင်ဖွယ်ရှိသည်။




စင်တာလင့်ခ် သည် သင့်ကိုယ်ရေးကိုယ်တာအခြေ
အနေပေါ်မူတည်၍ သင့်အား ငွေမည်မျှပေးရမည်ကို
တွက်ချက်ပေးပါလိမ့်မည်။

## သက်ကြီး ပြောင်းရွှေ့အခြေချလာသူအတွက် အင်္ဂလိပ်စာ အစီအစဉ်




သင်သည် AMEP ၌ အင်္ဂလိပ်ဘာသာစကားကို
သင်ယူနိုင်ဖွယ်ရှိမည်။




AMEP သည် သင့်အား အင်္ဂလိပ်ဘာသာစကားကို
စုစုပေါင်း 510 နာရီအထိ အခမဲ့
သင်ကြားပို့ချပေးနိုင်သည်။



သင်သည် သင်နှင့်အနီးဆုံး AMEP နေရာ
နှင့်ပတ်သက်ပြီး အောက်ပါဝက်ဘ်ဆိုက်၌
ရှာဖွေတွေ့နိုင်သည်။
www.education.gov.au/amep



သင်သည် Skilling Australia
အချက်အလက်များဖုန်းလိုင်းကိုလည်း 13 38 73 ၌
ခေါ်ဆိုနိုင်ပါသည်။

## အခွန်ဖိုင်နံပါတ်




သင် အောက်ပါတို့ကို ရရှိနိုင်ရန် TFN ကို လိုအပ်သည်။

- အလုပ်
- စင်တာလင့်ခ် ပေးငွေများတို့ဖြစ်သည်




ဩစတြေးလျားနိုင်ငံတော် အခွန်ရုံး (Australian Taxation Office - ATO) က သင့်အား TFN တစ်ခုပေးလိမ့်မည်။

TFN သည် အတုမရှိ၊ တစ်ခုတည်းသာရှိပြီး ၎င်းကို သင်တစ်ဦးတည်းသာ အသုံးပြုနိုင်သည်။




ယင်းနံပါတ်သည် သင့်မိသားစုအား ပံ့ပိုးရန်လိုအပ်သော ပေးငွေများကို ရရန်အတွက် စင်တာလင့်ခ် ထံသို့ လျှောက်ထားရာ၌ အထောက်အကူပြုသည်။




စင်တာလင့်ခ် ၌ ရှိသောဝန်ထမ်းများက သင့် TFN ကို ရယူရန် ကူညီပေးနိုင်ပါသည်။



သင်သည် နောက်ထပ်အချက်အလက်များကို ATO ၏ဝက်ဘ်ဆိုက်တွင် ရှာဖွေတွေ့နိုင်သည်။ www.ato.gov.au


## မယ်ဒီကဲ




မယ်ဒီကဲ သည် ဩစတြေးလျား၏ တစ်ပြည်လုံးဆိုင်ရာ ကျန်းမာရေး ပြုစုစောင့်ရှောက်ရေးစနစ် ဖြစ်သည်။




မယ်ဒီကဲ သည် အချို့သော ဆေးကုသ ပြုစုစောင့်ရှောက်မှု ကုန်ကျစရိတ်အတွက် သင့်အား ကူညီပံ့ပိုးပေးပါသည်။




သင့် အမှုတွဲလုပ်သား သို့မဟုတ် သင့်အား အဆိုပြုသူသည် သင့်အားပြသနိုင်သည်မှာ သင်ရှာတွေ့နိုင်ရာ အနီးဆုံးသော၊

- မယ်ဒီကဲ ဝန်ဆောင်မှုဌာန၊




- ဆေးရုံ




- ဆရာဝန် ဆေးပေးခန်း



- အခြားကျန်းမာရေးဆိုင်ရာ အဖွဲ့အစည်းများ တို့ဖြစ်သည်



သင်သည် မယ်ဒီကဲ နှင့်ပတ်သက်ပြီး နောက်ထပ်အချက်အလက်များကို လူသားဝန်ဆောင်မှုများဌာန (Department of Human Services) ဝက်ဘ်ဆိုက်တွင် ရှာဖွေတွေ့နိုင်သည်။ www.humanservices.gov.au/medicare

## ကာကွယ်ဆေးထိုးပေးခြင်း



သင့်အနေနှင့် ကျန်းမာရေး ဆေးစစ်မှုကို အပြည့်အဝလုပ်ရန်လိုအပ်လိမ့်မည်။



သင့်ကလေးများအား ကာကွယ်ဆေးထိုးပေးသင့်သည်၊ ၎င်းမှာ သူတို့ နာမကျန်းမဖြစ်ရန် ကာကွယ်ပေးသော ကုသမှုများဖြစ်သည်။



ကလေးများအား ကာကွယ်ဆေးထိုးပေးခြင်းမှာ မလုပ်မနေရ မဟုတ်သော်လည်း၊ ကာကွယ်ဆေးထိုးပေးရန် အလေးအနက် အကြံပြုတိုက်တွန်းထားသည်။




အချို့ပြည်နယ်များ နှင့် ဒေသများတွင်၊ ကလေးများ အောက်ပါတို့၌ စတက်ကြသည့်အခါတွင်၊ သင့်အား ကလေး၏ ကာကွယ်ဆေးထိုးမှတ်တမ်းအား တင်ပြရန် တောင်းခံကြလိမ့်မည်ဖြစ်ပါသည်။

- နေ့ကလေးထိန်းကျောင်း
- ကျောင်း တို့ဖြစ်သည်



သင်သည် ကာကွယ်ဆေးထိုးပေးခြင်းနှင့်ပတ်သက်ပြီး နောက်ထပ်အချက်အလက်များကို ကျန်းမာရေးဌာန ကျန်းမာရေးဌာန (Department of Health) ၏ ဝက်ဘ်ဆိုက်တွင် ရှာဖွေတွေ့နိုင်သည်။
www.health.gov.au

*မယ်ဒီကဲ ကတ်ပြား၏ ပုံရိပ်လွှာကို အသုံးပြုခြင်းမှာ သရုပ်ပြရေး ရည်ရွယ်ချက်အတွက်သာဖြစ်ပြီး၊ ဗဟိုအစိုးရက ထောက်ခံပေးခြင်း မဟုတ်ပါ။*

Australian Government
Department of Social Services

ဩစတြေးလျားနိုင်ငံ လူမှုဝန်ဆောင်ရေးဌာန ၏ ကိုယ်စား အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်ရေးရာ အဖွဲ့အစည်း မှ ပို့ချပေးသည်။

IOM • OIM